ပုံစံ (၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၂၃/၂၀၂၂)

ဦးဆန္ဒအောင် (Vice President) (အလုပ်သမား)
အမှတ် (၇၉၇)၊ (၄၁) ရပ်ကွက်၊ တာပင်ရွှေထီးလမ်း၊
ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဦးမျိုးသက်နိုင် (အလုပ်ရှင်)
မြန်မာ့ရှေ့ဆောင်ဘဏ်
ဒေါ်ဥမ္မာမြင့် (Executive Vice President )
(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊
သိမ်ဖြူလမ်း၊ အလယ်ဘလောက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အလယ်ဘလောက်၊ သိမ်ဖြူလမ်းရှိ မြန်မာ့ရှေ့ဆောင်ဘဏ် (Myanma Apex Bank) မှ ဦးဆန္ဒအောင် (Vice President) နှင့် ဦးမျိုးသက်နိုင် (အလုပ်ရှင်)၊ ဒေါ်ဥမ္မာမြင့် (Executive Vice President ) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဗိုလ်တထောင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိ

အဖွဲ့က အငြင်းပွားမှုအမှတ် (၁၈/၂၀၂၂) ဖြင့် ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးခဲ့ပြီး ၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးဆန္ဒအောင် (အလုပ်သမား) မှ တောင်းဆိုခြင်းခံရသူ ဦးမျိုးသက်နိုင် (အလုပ်ရှင်) ထံတွင် အလုပ်ရပ်စဲခံရသဖြင့် နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေး များပေးရန် တောင်းဆိုရာမှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ ဦးဆန္ဒအောင် (အလုပ်သမား) မှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ အယူခံလျှောက်ထားလာခြင်းဖြစ်သည်-

ကောက်ချက်အမှတ် (၁)။ တောင်းဆိုသူ အလုပ်သမား ဦးဆန္ဒအောင် (Vice President-4) အား အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် သင့်/ မသင့်။

ဆုံးဖြတ်ချက်အမှတ် (၁)။ တောင်းဆိုသူ အလုပ်သမား ဦးဆန္ဒအောင် (Vice President-4) အား အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန်မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၈/၂၀၂၂) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမားဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၂၃/၂၀၂၂) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ ဥက္ကဋ္ဌ ဦးဖေအောင်ဝန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဒေါက်တာစောယုဝင်း (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးတင်ထွန်း (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုစစ်ဆေးရာတွင် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(က)အရ သက်ဆိုင်ရာအငြင်းပွားသူများကို "ကြားနာလိုက ကြားနာစစ်ဆေးခြင်း သို့မဟုတ် ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ် နိုင်သည်"ဟု ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါကူးစက်မှုမဖြစ်စေရန် တားဆီးကာကွယ် ထိန်းချုပ်ရေးကာလဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ်သမား တို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသော စာရွက် စာတမ်းများ၊ အထောက်အထား သက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏

တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်။

ကောက်ချက်အမှတ် (၁)။ အလုပ်သမား ဦးဆန္ဒအောင် (Vice President) အား အလုပ်ရပ်စဲမှု နစ်နာကြေးနှင့် နို့တစ်ကြေးပေးရန် သင့်/ မသင့်။

<u>တွေ့ရှိချက်နှင့် သုံးသပ်ချက်</u>

၅။ ဤအငြင်းပွားမှုဖြစ်စဉ်နှင့် အကြောင်းခြင်းရာသည် သာမန်သမရိုးကျ ဖြစ်စဉ်ဖြစ်ရပ်နှင့် မတူဘဲ ထူးခြားသော အငြင်းပွားမှုဖြစ်စဉ်ဖြစ်ရပ်များရှိနေပြီး အလုပ်ရှင်က အလုပ်သမားအား ဘဏ်ဝန်ထမ်းအဖြစ်မှ အလုပ်ရပ်စဲလိုက်သည့် အငြင်းပွားမှုဖြစ်ကြောင်း ရှေးဦးစွာ စိစစ်တွေ့ရှိရသည်။

၆။ ဤအငြင်းပွားမှုတွင် လျှောက်ထားခံရသူ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ ဦးမျိုးသက်နိုင် (အလုပ်ရှင်) ပိုင်ဆိုင်သော မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (MAB Myanma Apex Bank) သည် (ဝန်ထမ်း / အလုပ်သမား) လုပ်သားအင်အား (၁၄၀၃)ဦးဖြင့် ဘဏ်လုပ်ငန်းအား လုပ်ကိုင်လျက်ရှိသည်။ လျှောက်ထားသူ ဦးဆန္ဒအောင် (Vice President) သည် ၉-၄-၂၀၂၁ ရက်နေ့အထိ ၎င်း၏လုပ်ငန်းတာဝန်များကို Work from home အဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၀-၄-၂၀၂၁ ရက်နေ့တွင် ၎င်းနေထိုင်ရာ သန်လျင်မြို့နေအိမ်မှ ဈေးဝယ်ထွက်ရင်း နာရီစင်အနီး လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ သံသယဖြင့် မှားယွင်းဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်။ ၁၂-၄-၂၀၂၁ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခံရသည်။ ၁၉-၄-၂၀၂၁ ရက်နေ့တွင် အာဏာပိုင် တို့၏ ခွင့်ပြုချက်ရသဖြင့် ၎င်း၏အထက်အရာရှိဖြစ်သူ (Senior Vice President) ဦးတင့်လွင်အောင်ထံသို့ ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ ဖုန်းဆက်အကြောင်းကြားခဲ့သည်။ ၁၉-၁၀-၂၀၂၁ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပြီး ၎င်း၏အထက်အရာရှိ ဦးတင့်လွင်အောင် (Senior Vice President) ထံ ဖုန်းဖြင့် ဆက်သွယ်ခဲ့ရာ ၎င်းက HR ဌာနထံ ဆက်သွယ်ရန် ညွှန်ကြားခဲ့သည်။ ၂၀-၁၀-၂၀၂၁ ရက်နေ့တွင် HR ဌာနသို့ သွားရောက်တွေ့ဆုံသောအခါ ဦးဆန္ဒအောင် (Vice President) အား ခွင့်မဲ့ပျက်ကွက်ခြင်း၊ ဘဏ်မှ သတ်မှတ်ပြဋ္ဌာန်းထားသော ဝန်ထမ်းများ လိုက်နာ ရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ၁၂-၄-၂၀၂၁ ရက်နေ့မှစ၍ ဘဏ်ဝန်ထမ်းအဖြစ်မှ ရပ်စဲလိုက်ကြောင်းကို ၂၃-၉-၂၀၂၁ ရက်နေ့တွင် ရုံးအမိန့်စာထုတ်ပြန်၍ အလုပ်ရပ်စဲခံရကြောင်းကို သိရှိပြီးနောက် ၎င်းသည် ဗိုလ်တထောင်မြို့နယ်

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ၁-၃-၂၀၂၂ ရက်နေ့တွင် သွားရောက်တိုင်ကြားခဲ့ခြင်းဖြင့် ဤအငြင်းပွားမှု ပေါ်ပေါက်သည်။

၇။ မိုလ်တထောင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမားတို့အား နှစ်ဖက်ခေါ်ယူ၍ (၃) ကြိမ်တိုင် ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသောကြောင့် အကျိုးစီးပွားဆိုင်ရာအငြင်းပွားမှုအဖြစ် အဆုံးအဖြတ်ပေးနိုင်ရန် ၃၀-၃-၂၀၂၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ အမှုတွဲအား လွှဲပြောင်းပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။

၈။ ဤအငြင်းပွားမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်တို့ကို ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ပြန်လည်စိစစ်လေ့လာရာတွင် (၁) ဦးဆန္ဒအောင်သည် ၎င်းအား မှားယွင်းစွာဖမ်းခံရခြင်းကို ဘဏ်သို့ အကြောင်းကြားခဲ့သော်လည်း ကူညီဆောင်ရွက်ပေးမှုမရှိဘဲ လစ်လျူရှုထားသည့်အတွက်ကြောင့်လည်းကောင်း၊ ဘဏ်မှ ရုံးအမိန့်စာအမှတ် (၈၇၇/၂၀၂၁) ဖြင့် ၂၃-၉-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်သည့် အလုပ်ရပ်စဲစာပါ "၁၂-၄-၂၀၂၁ ရက်နေ့မှစ၍ ဘဏ်ဝန်ထမ်းအဖြစ်မှ ရပ်စဲလိုက်သည်" စာအရေးအသားကြောင့် ဦးဆန္ဒအောင်မှ ယခုလိုတိုင်တန်း၍ နစ်နာကြေးတောင်းခြင်းဖြစ်နိုင်ကြောင်း ၊ (၂) ဦးဆန္ဒအောင် ဖမ်းဆီးခံရသောနေ့သည် ၁၀-၄-၂၀၂၁ ရက်နေ့၊ စနေနေ့ဖြစ်ပြီး ၁၁-၄-၂၀၂၁ ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ဘဏ်ပိတ်ရက် (၂) ရက်ဖြစ်ပြီး ၁၂-၄-၂၀၂၁ ရက်နေ့သည် တနင်္လာနေ့ဖြစ်သည့်အတွက် ရုံးအမိန့်စာပါ ၁၂-၄-၂၀၂၁ ရက်နေ့မှစ၍ ခွင့်မဲ့ပျက်ကွက်ဖြင့် အလုပ်ထုတ်ပါက ၁၂-၄-၂၀၂၁ ရက်နေ့ တစ်ရက်တည်းသာ ခွင့်မဲ့ဖြစ်သည့်သဘောဖြစ်နေသည်။ သို့သော် အလုပ်ရပ်စဲစာအား ၂၃-၉-၂၀၂၁ ရက်နေ့၊ (၅) လကျော်မှ ထုတ်ပြန်ခဲ့သည့်အတွက် ရုံးအမိန့်စာပါ ရေးသားမှု လိုအပ်ခြင်းဖြစ်ကြောင်း၊ (၃) ဦးဆန္ဒအောင်အား အလုပ်ရပ်စဲရသည့်အကြောင်းမှာ ၁၂-၄-၂၀၂၁ ရက်နေ့မှစ၍ ခွင့်မဲ့ပျက်ကွက်ခဲ့ကြောင်း၊ ၎င်းအား အလုပ်ရပ်စဲအမိန့်ကို (၅) လကျော်ပြီးမှ ၂၃-၉-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် အလုပ်ရပ်စဲရသည့်အကြောင်း လုံလောက်မှုရှိကြောင်း၊ ထို့ပြင် ဦးဆန္ဒအောင် ပြစ်မှုဆိုင်ရာ ဥပဒေအရ ဖမ်းဆီးခံရခြင်းသည် အလုပ်ရပ်စဲမှုဆိုင်ရာသဘောတူစာချုပ်အရ ကြီးလေးသောပြစ်မှုမြောက်၍ အလုပ်ရပ်စဲမှုအတွက် ခိုင်လုံသောအကြောင်းပြချက်ဖြစ်ပြီး နစ်နာကြေးပေးရန် မလိုကြောင်း သုံးသပ်ဖော်ပြလျက် "တောင်းဆိုသူ အလုပ်သမား ဦးဆန္ဒအောင် (Vice President) အား အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန်မလိုကြောင်း" ဆုံးဖြတ်ချက်ချမှတ်ထားသည်ကို စိစစ်တွေ့ရှိရသည်။

၉။ ဤအငြင်းပွားမှုဖြစ်စဉ်ဖြစ်ရပ်နှင့် အကြောင်းခြင်းရာများကို ထောက်ရှု၍လည်းကောင်း၊ သန်လျင်မြို့မရဲစခန်း၏ ရဲအမှုမှတ်တမ်းအရလည်းကောင်း၊ အလုပ်သမား ဦးဆန္ဒအောင် (Vice President) သည် ထိုစဉ်က နိုင်ငံတော်အရေးပေါ်ကာလအခြေအနေတွင် လုံခြုံရေးတပ်ဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး သံသယဖြင့် ဖမ်းဆီးထိန်းသိမ်းခံရပြီး တရားရုံးမှ တရားလို သန်လျင်ရဲစခန်းအား လည်းကောင်း၊ ဦးဆန္ဒအောင်အားလည်းကောင်း၊ အမှုစစ်ဆေးခြင်းမရှိ၊ အထူးတရားရုံးအနေဖြင့် မည်သည့်ပြစ်ဒဏ်မျှ ချမှတ်ခြင်းမရှိဘဲ ၁၉-၁၀-၂၀၂၁ ရက်နေ့တွင် အပြစ်မရှိပြန်လည် လွတ်မြောက်လာခြင်းဖြစ်ကြောင်း တွေ့ရသည်။ အထူးအားဖြင့် သန်လျင်မြို့မရဲစခန်း၏ ရဲအမှု မှတ်တမ်းတွင် (၁) ၁၀-၄-၂၀၂၁ ရက်နေ့တွင် ဖမ်းဆီးခံရကြောင်း၊ (၂) တရားလိုမှာ ရဲ/၅၁၀၉ ဒုရဲမှူး စိုးဝင်း ဖြစ်ကြောင်း၊ (၃) ၁၉-၁၀-၂၀၂၁ ရက်နေ့တွင် ကျပ် ၄၉၄ အရ အမှုရုတ်သိမ်းကြောင်း၊ (၄) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၈၇/၂၁ အရ အမှုပိတ်သိမ်းကြောင်း မှတ်တမ်း ပြုထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ဦးဆန္ဒအောင် (Vice President) သည် ဖမ်းဆီးထိန်းသိမ်း ခံရသည့် ၁၀-၄-၂၀၂၁ ရက်နေ့မှ အပြစ်မရှိပြန်လည်လွတ်မြောက်လာသည့် ၁၉-၁၀-၂၀၂၁ ရက်နေ့ အထိ (၆) လကျော် ထိန်းသိမ်းခံကာလအတွင်း မည်သည့်ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိဘဲ အလုပ်သမား ဦးဆန္ဒအောင် ခွင့်မဲ့ပျက်ကွက်ခြင်း၊ ဘဏ်ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းဟူသော အကြောင်းပြချက် များဖြင့် အလုပ်မှရပ်စဲလိုက်သည့် အကြောင်းပြချက်များသည် ခိုင်လုံသောအကြောင်းပြချက်များ ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ဦးဆန္ဒအောင်သည် ၁၀-၄-၂၀၂၁ ရက်နေ့တွင် ဖမ်းဆီး ထိန်းသိမ်းခံရသည်။ ထိုနေ့သည် စနေနေ့ဖြစ်ပြီး ၁၁-၄-၂၀၂၁ ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်၍ ဘဏ်ပိတ်ရက် (၂) ရက်ဖြစ်ပေသည်။ ၁၂-၄-၂၀၂၁ ရက်နေ့သည် တနင်္လာနေ့ဖြစ်နေသည့် အတွက် ဦးဆန္ဒအောင်အား ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့် ၁၄-၄-၂၀၂၁ ရက်နေ့မှစ၍ အလုပ်မှရပ်စဲလိုက် ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိသည့်အပြင် သဘာဝယုတ္တိမကျပေ။ ခွင့်မဲ့ပျက်ကွက်ခြင်းသည် တစ်ရက်တည်းသာ ခွင့်မဲ့ဖြစ်သည့်သဘောဖြစ်နေသည်။ သို့ဖြစ်၍ အလုပ်ရှင်/ စီမံခန့်ခွဲသူက ဦးဆန္ဒအောင်အား ၁၄-၄-၂၀၂၁ ရက်နေ့မှစ၍ အလုပ်မှရပ်စဲခြင်း၏ အကြောင်းပြချက်များ ဖြစ်သော (၁) အလုပ်ခန့်ထားမှုဆိုင်ရာသဘော တူညီချက်စာချုပ်၏ ကြီးလေးသောပြစ်မှုများအနက် အမှတ်စဉ် (၁၂) ပါ "ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်အရ ဖမ်းဆီးခံ ရခြင်း၊ တရားစွဲဆိုခံရပြီး ပြစ်ဒဏ်စီရင်ခံရခြင်း" ဟူသောအချက်နှင့် ငြိစွန်းနေခြင်း၊ (၂) အလုပ် ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် အမှတ်စဉ် (၃၃) ပါ "သက်ဆိုင်ရာ ဌာနအကြီးအကဲ၊

တာဝန်ခံများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အကြောင်းမဲ့ ခွင့်မဲ့တစ်ဆက်တည်း (၃) ရက် ပျက်ကွက်ခြင်း (သို့မဟုတ်) တစ်လအတွင်း ခွင့်မဲ့အလီလီ (၅) ရက်ပျက်ကွက်ခြင်းမပြုရ" နှင့် (၃) ဦးဆန္ဒအောင်၏ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ၂-၅-၂၀၂၁ ရက်နေ့တွင် သက်တမ်းကုန်ရပ်စဲနေပြီဖြစ်ခြင်းစသည့် အကြောင်းပြချက်များဖြင့် အလုပ်မှ ရပ်စဲထုတ်ပယ်ခဲ့ခြင်း သည် နိုင်လုံသောအကြောင်းပြချက်များအဖြစ် သက်ရောက်မှုစည်းနှောင်အားမရှိပေ။ အလုပ်ရှင်/ စီမံခန့်ခွဲသူက အလုပ်သမား ဦးဆန္ဒအောင် (Vice President) အား ၁၄-၄-၂၀၂၁ ရက်နေ့မှစ၍ အလုပ်မှရပ်စဲ ထုတ်ပယ်လိုက်ခြင်းသည် တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ အလုပ်ရှင်/ စီမံခန့်ခွဲသူသည် မိမိ၏ ဝန်ထမ်း/ အလုပ်သမားအား ဖမ်းဆီးထိန်းသိမ်းခံရရုံမျှဖြင့် အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အမှတ်စဉ် (၁၂) နှင့် အမှတ်စဉ် (၁၃) ပါ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်သည်ဟုမှတ်ယူပြီး ခွင့်မဲ့ပျက်ကွက်ခြင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းဆိုသည့် အကြောင်းပြချက်ဖြင့် အလုပ်မှရပ်စဲထုတ်ပယ်လိုက်ခြင်း သည်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်မှန်ကန်မှုမရှိသော အလုပ်ရပ်စဲခြင်းဖြစ်ကြောင်း သုံးသပ်ရရှိသည်။

၁၀။ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ အလုပ်ရှင်/ စီမံခန့်ခွဲသူက လျှောက်ထားသူ ဦးဆန္ဒအောင် (Vice President) အား ခွင့်မဲ့ပျက်ကွက်ခြင်း၊ ဝန်ထမ်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်း များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ၁၂-၄-၂၀၂၁ ရက်နေ့မှစ၍ ဘဏ်ဝန်ထမ်း အဖြစ်မှ ရပ်စဲလိုက်သည်ဟု ရုံးအမိန့်စာကို ၂၃-၉-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ဆောင်ရွက်ခဲ့သည် ကို တွေ့ရှိရသည်။ MAB ဘဏ်၏ အလုပ်ရှင်/ စီမံခန့်ခွဲသူက ဦးဆန္ဒအောင်အား ၁၂-၄-၂၀၂၁ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ရပ်စဲခြင်းဖြစ်ကြောင်း ၎င်းရုံးအမိန့်စာအား ခွင့်မဲ့ပျက်ကွက်သည့် (ဦးဆန္ဒအောင်အား ဖမ်းဆီးထိန်းသိမ်းသည့်ကာလ) ၅ လကျော်ကြာပြီးမှသာ ၂၃-၉-၂၀၂၁ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟုလည်း ခုံသမာဓိအဖွဲ့သို့ ၎င်း၏ချေပလွှာတွင် တင်ပြထားသည်ကို တွေ့ရသည်။ အလုပ်ရှင်/ စီမံခန့်ခွဲသူသည် ဦးဆန္ဒအောင် (Vice President) အား ၁၄-၄-၂၀၂၁ ရက်နေ့မှစ၍ အလုပ်ရပ်စဲလိုက်ကြောင်း ရုံးအမိန့်စာကို (၄/၂၀၂၁၊ ဧပြီလ) အတွင်းရှိ နေ့ရက်တွင် ရုံးအမိန့်စာကို ထုတ်ပြန်ခြင်းမပြုဘဲ နောက်ကြောင်းပြန် ၂၃-၉-၂၀၂၁ ရက်နေ့တွင်မှ ထုတ်ပြန် ဆောင်ရွက်ထားခြင်းငှာ မဖြစ်သင့်/ မဖြစ်ထိုက်ပေ။ မိမိ၏ ဝန်ထမ်းအလုပ်သမားအား အလုပ်မှ ရပ်စဲထုတ်ပယ်လိုသည့် ရည်ရွယ်ချက်၊ စိတ်ဆန္ဒဇောလွှမ်းကဲမှုရှိသည်ဟုဆိုနိုင်သည်။ ထို့ပြင်

အလုပ်သမားအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလုပ်ရှင်က တစ်လကြိုတင် အကြောင်းကြားသည့် နို့တစ်စာ ထုတ်ပြန်ပေးခြင်းလည်းမရှိသည်ကို တွေ့ရသည်။ အလုပ်ရှင်/ စီမံခန့်ခွဲသူသည် စီမံခန့်ခွဲမှု အားနည်းချက်ရှိကြောင်းတွေ့ရသည်။ သို့ဖြစ်၍ ဤအငြင်းပွားမှုတွင် အလုပ်ရှင်/ စီမံခန့်ခွဲသူသည် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်၍ အလုပ်သမားအား အလုပ်မှ ရပ်စဲထုတ်ပယ်ခြင်းဖြစ်သဖြင့် အလုပ်သမား ဦးဆန္ဒအောင် (Vice President) အား အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် နို့တစ်ကြေး (တစ်လစာ) တို့ကို ရသင့်/ ရထိုက်သည့်ကာလည်း ဥပဒေနှင့်အညီ ဤနစ်နာကြေးများကိုပေးရန် တာဝန်ရှိကြောင်း အပြီးသတ်သုံးသပ်ရရှိသည်။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၈/၂၀၂၂) ဆုံးဖြတ်ချက်ကို အလုပ်သမား ဦးဆန္ဒအောင် (Vice President) က ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုအယူခံလျှောက်ထားခြင်းအပေါ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) ကို ကျင့်သုံး၍ အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ် (၁)။ (က) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၈/၂၀၂၂) ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည်။

(ခ) မြန်မာ့ရှေ့ဆောင်ဘဏ် (MAB) ၏ အလုပ်ရှင်သည် အလုပ်သမား ဦးဆန္ဒအောင် (Vice President) အား ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် နို့တစ်ကြေး (တစ်လစာ) တို့ကို အောက်ပါအတိုင်း ပေးအပ်ရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | လုပ်သက် | နောက်ဆုံးထုတ်လစာ (OTကြေးမပါ) | ပေးရမည့်နစ်နာကြေး | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | | | | နို့တစ်ကြေး (တစ်လစာ) | အလုပ်ရပ်စဲမှုနစ်နာကြေး (၃လစာ) | |
| ၁။ | ဦးဆန္ဒအောင် | ၂-၅-၂၀၁၇ | ၃နှစ်၁၁လ | ၁,၅၀၀,၀၀၀/- | ၁,၅၀၀,၀၀၀/- | ၁,၅၀၀,၀၀၀/- ×၃ =၄,၅၀၀,၀၀၀/- | ၆,၀၀၀,၀၀၀/- (ကျပ်သိန်းခြောက်ဆယ်တိတိ) |

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၂။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရကောက်ခံရမည်။

ဒေါက်တာစောယုဝင်း
အဖွဲ့ဝင်

ဦးဖေအောင်ဝန်
ဥက္ကဋ္ဌ

ဦးတင်ထွန်း
အဖွဲ့ဝင်